STATISTICAL BULLETIN

# ပြည်သူ့လွှတ်တော်ရုံး
# သုတေသနဌာန

ရက်စွဲ။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃ ရက်

## စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးကဏ္ဍ
## ကိန်းဂဏန်းဆိုင်ရာအချက်အလက်များ

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများနှင့်ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အချက်အလက်များနှင့် မြန်မာနိုင်ငံ၏ထုတ်လုပ်ရေးကဏ္ဍ ကိန်းဂဏန်းဆိုင်ရာ သုံးသပ်ချက်များကို ဖော်ပြထားပါသည်။ ဤစာတမ်းတိုအား အချက်အလက်အသစ်များ ရရှိသည့်အပေါ် မူတည်၍ လစဉ် ၂ လ တစ်ကြိမ် သို့မဟုတ် ၃ လ တစ်ကြိမ် မွမ်းမံ၍ ထုတ်ဝေသွားပါမည်။ အချက်အလက်များအားလုံးအတွက် လစဉ် အချက်အလက်အသစ်များ ရရှိနိုင်မည်မဟုတ်ပါ။ အချို့အချက်အလက်များမှာ တစ်နှစ်တစ်ကြိမ် ထုတ်ပြန်ခြင်းလည်း ရှိနိုင်သောကြောင့် စာတမ်းတိုပါ အချို့အချက်အလက်များနှင့် သုံးသပ်ချက်များသည် ထုတ်ဝေမှု တစ်ခုနှင့်တစ်ခု အကြားတူညီနိုင်ပါသည်။ စာတမ်းတိုတွင် မူဝါဒများကိုပြည့်စုံစွာသုံးသပ်ထားခြင်း မပါရှိပါ။ အချက်အလက်ဖြစ်စဉ်များ (trend) နှင့် အချက်အလက်နှိုင်းယှဉ်မှုများကိုသာ ဖော်ပြထားပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

**စဉ်** **အကြောင်းအရာ** **စာမျက်နှာ**

၁။ စိုက်ပျိုးရေးကဏ္ဍ ........................................................................................၃
(က) မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဇရိယာ ........................................................................၃
(ခ) ၂၀၁၃ ခုနှစ် အာဆီယံနိုင်ငံများ၏ စိုက်ပျိုးမြေ ......................................................၄
(ဂ) စိုက်ပျိုးရေးကဏ္ဍမှရရှိသောပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး ..........................၅
(ဃ) မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှု ....................................................၆
(င) ၂၀၁၄ ခုနှစ်အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှု ..........................၆
၂။ ထုတ်လုပ်မှုကဏ္ဍ..........................................................................................၇
(က) အဖိုးတန်တွင်းထွက်ပစ္စည်းများနှင့်ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းများ ..........................၇
(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် သတ္တုမဟုတ်သော
တွင်းထွက်ပစ္စည်းများ ...........................................................................................၉
(ဂ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ .................၁၁

## စိုက်ပျိုးရေးကဏ္ဍ

၁။ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် ၂၀၁၃ ခုနှစ်အထိ မြန်မာနိုင်ငံနှင့်အာဆီယံနိုင်ငံများ၏စိုက်ပျိုးမြေအသုံးပြုမှုဧရိယာများ၊ အာဆီယံနိုင်ငံများအတွင်း စိုက်ပျိုးရေးကဏ္ဍမှရရှိသည့် ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုးနှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကုန်ကြမ်း တင်သွင်းမှု အခြေအနေများကို ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။ ယခုရရှိသော အချက်အလက်များသည် ၂၃-၆-၂၀၁၆ ရက်နေ့တွင်နောက်ဆုံး ရရှိထားခြင်း ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဧရိယာ

၂။ မြန်မာနိုင်ငံ၏စိုက်ပျိုးမြေအသုံးပြုမှုဧရိယာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဧရိယာ**




*Source: World Development Indicators*

## ၂၀၁၃ ခုနှစ် အာဆီယံနိုင်ငံများ၏ စိုက်ပျိုးမြေ

၃။ ၂၀၁၃ ခုနှစ် အာဆီယံနိုင်ငံများ၏စိုက်ပျိုးမြေအသုံးပြုမှုဧရိယာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**၂၀၁၃ ခုနှစ် အာဆီယံနိုင်ငံများ၏ စိုက်ပျိုးမြေ**




*Source: World Development Indicators*

၄။ World Development Indicators မှရရှိသောအချက်အလက်များအရ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေအသုံးပြုမှုသည် ၁၉ ရာခိုင်နှုန်းကျော်ရှိပြီး ကာလတစ်လျှောက်လုံးတွင် အမြင့်ဆုံးဖြစ်ပြီး ၂၀၀၄ ခုနှစ်မြန်မာနိုင်ငံစိုက်ပျိုး မြေဧရိယာ အသုံးပြုမှု၏ ၁၆ ရာခိုင်နှုန်းမှ မြင့်တက်လာခြင်းဖြစ်ပါသည်။ လွန်ခဲ့သော ၁၅ နှစ်အတွင်း အာဆီယံနိုင်ငံများ၏ စိုက်ပျိုးမြေ အသုံးပြုမှုသည် တိုးတက်မှုရှိခဲ့သော်လည်း စင်္ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့၏ စိုက်ပျိုးမြေ အသုံးပြုမှု ရာခိုင်နှုန်းမှာ ကျဆင်းနေခဲ့ပါသည်။

# စိုက်ပျိုးရေးကဏ္ဍမှရရှိသောပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး

၄။ အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍမှရရှိသောပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**စိုက်ပျိုးရေးကဏ္ဍမှရရှိသောပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး**

အသားတင်ထုတ်ကုန်တန်ဖိုးရာခိုင်နှုန်း

| | ၁၉၆၅ | ၁၉၇၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၀၄ |
|---|---|---|---|---|---|
| အင်ဒိုနီးရှား | ၅၆.၀ | ၃၀.၂ | ၂၃.၂ | ၁၇.၁ | ၁၄.၃ |
| ကမ္ဘောဒီးယား | .. | .. | .. | ၄၉.၆ | ၃၁.၂ |
| ဘရူနိုင်း | .. | ၁.၃ | ၁.၂ | ၁.၂ | ၁.၁ |
| လာအို | .. | .. | .. | ၅၅.၇ | ၃၉.၀ |
| မလေးရှား | ၃၁.၀ | ၃၀.၇ | ၂၀.၃ | ၁၂.၉ | ၉.၃ |
| မြန်မာ | ၃၅.၁ | ၄၇.၁ | ၄၈.၂ | ၆၀.၀ | ၄၈.၄ |
| ဖိလစ်ပိုင် | ၂၇.၂ | ၃၀.၃ | ၂၄.၆ | ၂၁.၆ | ၁၃.၃ |
| ထိုင်း | ၃၁.၉ | ၂၆.၉ | ၁၅.၈ | ၉.၁ | ၉.၃ |
| ဗီယက်နမ် | .. | .. | ၄၀.၂ | ၂၇.၂ | ၂၀.၀ |
| စင်ကာပူ | .. | ၂.၂ | ၁.၀ | ၀.၂ | ၀.၁ |

".." data is not available

*Source* : *World Development Indicators*

၅။ Agriculture value added (% of GDP) ဆိုသည်မှာ တစ်နိုင်ငံလုံး၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးတွင် စိုက်ပျိုးရေးကဏ္ဍမှရရှိသည့် ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်တွင် World Development Indicators မှရရှိသော အချက်အလက်များအရ စိုက်ပျိုးရေးကဏ္ဍမှရရှိသော ထုတ်ကုန်တန်ဖိုးသည်စုစုပေါင်း GDP ၏၄၈.၄ ရာခိုင်နှုန်း ရှိပါသည်။ အာဆီယံနိုင်ငံများအတွင်းစိုက်ပျိုးရေးကဏ္ဍမှ ရရှိသည့် GDP ရာခိုင်နှုန်းများအား နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံသည် အများဆုံးဖြစ်ပါသည်။ အခြားအာဆီယံနိုင်ငံများတွင် ၁၉၈၆ မှ ၂၀၁၄ ခုနှစ်အထိ စိုက်ပျိုးရေးကဏ္ဍမှရရှိသည့် GDP ရာခိုင်နှုန်းသည် ကျဆင်းခဲ့ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏အချက်အလက်များသည် ၂၀၀၄ ခုနှစ်အထိသာရရှိပါသည်။

## မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှု

၆။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှု**




*Source: World Development Indicators*

## ၂၀၁၄ ခုနှစ်အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှု

၇။ ၂၀၁၄ ခုနှစ်အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၄ ခုနှစ် အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှု**




*Source: World Development Indicators*
*Note : Myanmar data for 2010, Combodia data for 2013*

၈။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှုရာခိုင်နှုန်းသည် ၂၀၁၀ ခုနှစ်တွင် ၀.၄ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၁ ခုနှစ်၏ ၀.၂ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် တိုးတက်လာခဲ့ပါသည်။ World Development Indicators မှ ရရှိသောအချက်အလက်များအရ စိုက်ပျိုးရေးကုန်ကြမ်းတင်သွင်းမှုသည် ကာလတစ်လျှောက်လုံးတွင် ၁၉၆၅ ခုနှစ်သည် အမြင့်ဆုံးဖြစ်ခဲ့ပါသည်။ နောက်ဆုံးရရှိထားသောအချက်အလက်များအရ အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံသည် တတိယအနည်းဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏နောက်တွင် စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့ ရှိပါသည်။

# ထုတ်လုပ်မှုကဏ္ဍ

၉။ မြန်မာနိုင်ငံ၏ထုတ်လုပ်မှုကဏ္ဍတွင် တွင်းထွက်ပစ္စည်းများနှင့် ပုလဲထုတ်လုပ်ခြင်းကဏ္ဍ၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းကဏ္ဍနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းကဏ္ဍ စသည့်ကဏ္ဍများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။ ယခုရရှိသော အချက်အလက်များသည် ၂၃-၆-၂၀၁၆ ရက်နေ့တွင်နောက်ဆုံး ရရှိထားခြင်း ဖြစ်ပါသည်။

## အဖိုးတန်တွင်းထွက်ပစ္စည်းများနှင့်ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းများ

၁၀။ မြန်မာနိုင်ငံ၏ အဖိုးတန်တွင်းထွက်ပစ္စည်းများနှင့် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**အဖိုးတန်တွင်းထွက်ပစ္စည်းများနှင့်ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းများ**

| | ကျောက်စိမ်း | ကျောက်မျက်ရတနာများ | | | | | ပုလဲ |
|---|---|---|---|---|---|---|---|
| | | ပတ္တမြား | နီလာ | ကျောက်နီ | ပြောင်ခေါင်းစိမ်း | စုစုပေါင်း | |
| | တန် | (၀၀၀) ကာရက် | (၀၀၀) ကာရက် | (၀၀၀) ကာရက် | (၀၀၀) ကာရက် | (၀၀၀) ကာရက် | (၀၀၀) မိုမီ |
| ၂၀၁၁ အောက်တိုဘာလ | ၁,၀၄၃ | ၁၀၉ | ၁၀၉ | ၃၆ | - | ၁,၀၉၈ | - |
| ၂၀၁၂ အောက်တိုဘာလ | ၃၇၃ | ၈၄ | ၁၀၉ | ၄၀ | ၃၃ | ၁,၁၃၈ | - |
| ၂၀၁၃ အောက်တိုဘာလ | ၁,၅၉၅ | ၄၂ | ၁၄၉ | ၆၄ | - | ၁,၂၄၃ | ၆၄ |
| ၂၀၁၄ အောက်တိုဘာလ | ၉၃၄ | ၃၉ | ၁၂၆ | ၄၂ | - | ၇၂၆ | ၁၇ |
| ၂၀၁၅ ဩဂုတ်လ | ၆၃၅ | ၄၁ | ၁၆၇ | ၂၁ | ၀ | ၁,၅၅၀ | ၄၀ |
| ၂၀၁၅ စက်တင်ဘာလ | ၈၃၅ | ၁၇ | ၉၂ | ၃၇ | - | ၁,၅၇၈ | ၁၂၁ |
| ၂၀၁၅ အောက်တိုဘာလ | ၉၆၆ | ၂ | ၄၇ | ၁၆ | ၅၀ | ၈၅၃ | ၁၀ |

(-) အချက်အလက်များမရှိပါ။

*Source: http://mmsis.gov.mm/statHtml/statHtml.do*

၁၁။ ကျောက်စိမ်းထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ၉၆၆ တန် ထုတ်လုပ်ခဲ့ပြီး စက်တင်ဘာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၁၃၁ တန် မြင့်တက်လာခဲ့ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါကထုတ်လုပ်မှုတန်ဖိုး တန် ၃၀ ကျော်မြင့်တက်ခဲ့ပါသည်။

၁၂။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၌ ကျောက်မျက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် ၈၅၃,၀၀၀ ကာရက် ထုတ်လုပ်ခဲ့ပြီး စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၇၂၅,၀၀၀ ကာရက် ကျဆင်းခဲ့ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအား နှိုင်းယှဉ်ကြည့်ပါ က ၁၂၇,၀၀၀ ကာရက် မြင့်တက်လာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၌ ပတ္တမြားသည် ၂,၀၀၀ ကာရက်၊ နီလာသည် ၄၇,၀၀၀ကာရက်၊ ကျောက်နီသည် ၁၆,၀၀၀ ကာရက်နှင့် ပြောင်ခေါင်းစိမ်းသည် ၅၀,၀၀၀ကာရက် စသည်တို့ကို ထုတ်လုပ်ခဲ့ပါသည်။ လွန်ခဲ့သော ၁၀ နှစ်မှစ၍ ပတ္တမြားထုတ်လုပ်မှုသည် ဆက်တိုက်ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။

၁၃။ ပုလဲထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်တွင် ၁၀,၀၀၀ မိုမီ ထုတ်လုပ်ခဲ့ပြီးစက်တင်ဘာလနှင့် အောက်တိုဘာလကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ၁၀,၀၀၀ မိုမီ ကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့် ယှဉ်ကြည့်ပါကလည်း ၇,၀၀၀ ကာရက် ကျဆင်းခဲ့ပါသည်။

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ

၁၄။ မြန်မာနိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ**

| | ကျောက်မီးသွေး | ဘာရိုက်တီးစ် | ဂျစ်ပစံ | ဒိုလိုမိုက် | ထုံးကျောက် |
|---|---|---|---|---|---|
| ၂၀၁၁ အောက်တိုဘာလ | ၁၈,၃၀၀ | ၁,၆၁၇ | ၃,၉၄၅ | ၁၅၀ | - |
| ၂၀၁၂ အောက်တိုဘာလ | ၁၈,၄၃၇ | ၁,၇၇၀ | ၃,၁၀၇ | - | - |
| ၂၀၁၃ အောက်တိုဘာလ | ၁၀,၉၀၂ | ၃,၅၉၀ | ၄,၂၂၃ | - | ၃၇,၉၁၀ |
| ၂၀၁၄ အောက်တိုဘာလ | ၂၈,၅၁၀ | ၂,၄၀၈ | ၇,၀၈၅ | ၁၀၀ | ၁၁၅,၅၈၀ |
| ၂၀၁၅ ဩဂုတ်လ | ၁၁,၇၆၇ | ၁၆၅ | ၁,၃၉၈ | ၁၀၀ | ၂၀၁,၀၀၃ |
| ၂၀၁၅ စက်တင်ဘာလ | ၁၃,၉၂၅ | ၂၃၅ | ၁,၅၉၁ | ၁၀၀ | ၂၄၀,၄၅၀ |
| ၂၀၁၅ အောက်တိုဘာလ | ၁၆,၉၂၄ | ၂၅၂ | ၃,၁၆၈ | ၁၀၀ | ၃၁၆,၉၈၀ |

(-) အချက်အလက်များမရှိပါ။

၂၀၁၁- ၂၀၁၂ သည် Ton ဖြင့်ဖော်ပြထားပြီး ၂၀၁၃ ခုနှစ်နောက်ပိုင်းမှစ၍ Metric Ton ဖြင့် ဖော်ပြထားပါသည်။

*Source: http://mmsis.gov.mm/statHtml/statHtml.do*

### ကျောက်မီးသွေး

၁၅။ ကျောက်မီးသွေး ထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ၁၆,၉၂၄ မက်ထရစ်တန် ထုတ်လုပ်ခဲ့ပြီးစက်တင်ဘာလနှင့် နှိုင်းယှဉ်ကြည့်ပါက မက်ထရစ်တန် ၂,၉၉၉ မြင့်တက်လာခဲ့ပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတို့အား နှိုင်းယှဉ်လျှင် မက်ထရစ်တန် ၁၁,၅၈၆ အထိ ထုတ်လုပ်မှုတန်ဖိုး လျော့နည်းခဲ့ပါသည်။

### ဘာရိုက်တီးစ်

၁၆။ ဘာရိုက်တီးစ် ထုတ်လုပ်မှုတွင် ၂၀၁၅ အောက်တိုဘာလတွင် မက်ထရစ်တန် ၂၅၂ ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ကြည့်ပါက မက်ထရစ်တန် ၁၇ အထိ မြင့်တက်လာခဲ့ပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလကို နှိုင်းယှဉ်လျှင် မက်ထရစ်တန် ၂,၁၅၆ ကျဆင်းသွားခဲ့ပါသည်။ ၂၀၀၄ ခုနှစ် နောက်ပိုင်းတွင် ထုတ်လုပ်မှုများ ကျဆင်းခဲ့သော်လည်း ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် ထုတ်လုပ်မှုမှာ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

**ဂျစ်ပစံ**

၁၇။ ဂျစ်ပစံထုတ်လုပ်မှုတွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် မက်ထရစ်တန် ၃,၁၆၈ ထုတ်လုပ်ခဲ့ပြီး စက်တင်ဘာလနှင့် နှိုင်းယှဉ်ကြည့်ပါက မက်ထရစ်တန် ၁,၅၇၇ အထိ ထုတ်လုပ်မှု တန်ဖိုး မြင့်တက်လာခဲ့ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ တို့အား နှိုင်းယှဉ်ပါက ၃,၉၁၇ သို့ ကျဆင်းသွားခဲ့ပါသည်။

**ဒိုလိုမိုက်**

၁၈။ ဒိုလိုမိုက် ထုတ်လုပ်မှုတွင် မက်ထရစ်တန် ၁၀၀ ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ကြည့်ပါက ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ် မှစ၍ ၂၀၁၅ ခုနှစ်အထိ ထုတ်လုပ်မှုမှာ ပြောင်းလဲခြင်းမရှိခဲ့ပါ။

**ထုံးကျောက်**

၁၉။ ထုံးကျောက်ထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် မက်ထရစ်တန် ၃၁၆,၉၈၀ ထုတ်လုပ်ခဲ့ပြီး စက်တင်ဘာလနှင့် နှိုင်းယှဉ်ကြည့်ပါက မက်ထရစ်တန် ၇၆,၅၃၀ အထိ တိုးမြင့်ထုတ်လုပ်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအား နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် မက်ထရစ်တန် ၂၀၁,၄၀၀ မြင့်တက်လာခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှစ၍ ထုတ်လုပ်မှုများ ကျဆင်းခဲ့သော်လည်း ၂၀၁၀ နောက်ပိုင်းတွင် ထုတ်လုပ်မှုမှာ သိသိသာသာမြင့်တက်လာခဲ့သည်ကိုတွေ့ရှိရပါသည်။

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ

၂၀။ မြန်မာနိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ**

| | **ရေနံဆီ*** (၁၀၀) တိုင်ကီ | **ဓာတ်ဆီ** မက်ထရစ်တန် | **ဒီဇယ်ဆီ** (၁၀၀) ဂါလံ |
|---|---|---|---|
| ၂၀၁၁ အောက်တိုဘာလ | ၅၃၁ | ၁၇၃၇ | ၃၆၉၄ |
| ၂၀၁၂ အောက်တိုဘာလ | ၅၃၁ | ၁၇၃၇ | ၃၆၉၄ |
| ၂၀၁၃ အောက်တိုဘာလ | ၅၇၇ | - | ၈၈၄ |
| ၂၀၁၄ အောက်တိုဘာလ | ၄၆၉ | ၈၄၇ | ၃၁၀၆ |
| ၂၀၁၅ ဩဂုတ်လ | ၄၂၃ | ၁၄၃၀ | ၃၇၈၁ |
| ၂၀၁၅ စက်တင်ဘာလ | ၄၀၂ | ၆၅၄ | ၃၂၆၈ |
| ၂၀၁၅ အောက်တိုဘာလ | ၃၉၃ | ၁၆၃၀ | ၃၉၁၇ |

အခြားအဖွဲ့အစည်းများနှင့်ပူးတွဲထုတ်လုပ်ထားသော ပမာဏများကိုပါ ထည့်သွင်းထားပါသည်။
(-) အချက်အလက်များမရှိပါ။
*Source:http://mmsis.gov.mm/statHtml/statHtml.do*

၂၁။ ရေနံဆီထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ၃၉၃,၁၀၀ တိုင်ကီ ထုတ်လုပ်ခဲ့ပြီး စက်တင်ဘာလနှင့်ယှဉ်ကြည့်ပါက အနည်းငယ်ကျဆင်းခဲ့ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအား နှိုင်းယှဉ်ကြည့်ပါက ၇၆,၁၀၀ တိုင်ကီ ကျဆင်းခဲ့ပါသည်။

၂၂။ ဓာတ်ဆီထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ၁,၆၃၀ မက်ထရစ်တန် ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလအား ယှဉ်ကြည့်ခြင်းအားဖြင့် မက်ထရစ်တန် ၉၇၆ ထုတ်လုပ်မှု မြင့်တက်လာခဲ့ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအား နှိုင်းယှဉ်ကြည့်ပါက ၂ ဆခန့် မြင့်တက်လာခဲ့ပါသည်။

၂၃။ ဒီဇယ်ထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ဂါလံထောင်ပေါင်း ၃၉၁၇,၁၀၀ ဂါလံ ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလအား

ယှဉ်ကြည့်ပါက ၆၄၉,၀၀၀ ဂါလံ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၀၆ ခုနှစ်တွင် ရေနံဆီ၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီထုတ်လုပ်မှုမှာ တစ်ရှိန်ထိုး မြင့်တက်သွားခဲ့ပါသည်။

**အရက်**

၂၀၁၃ ဇန်နဝါရီလမှ ၂၀၁၅ ဇူလိုင်လထိ




*Source:mmsis.gov.mm/statHtml/statHtml.do*

၂၄။ မြန်မာနိုင်ငံတွင် အရက်ထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ဂါလံနှစ်သိန်း တစ်သောင်းကျော် ထုတ်လုပ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်တို့အား ယှဉ်ကြည့်ပါက ဂါလံတစ်သောင်းကျော် ကျဆင်းခဲ့ပါသည်။ ၂၀၁၄ခုနှစ်၊ ဇူလိုင်လနှင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ၂၀၁၅ခုနှစ်၊ ဇူလိုင်လတွင် နှစ်ဆတက်သွားခဲ့သည်ကို တွေ့ရှိရပါသည်။

**စီးကရက်**

၂၀၁၃ ဇန်နဝါရီလမှ ၂၀၁၅ ဇူလိုင်လထိ




*Source:mmsis.gov.mm/statHtml/statHtml.do*

၂၅။ မြန်မာနိုင်ငံ၏ ဆေးလိပ်ထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ၇၀၀ မီလီယံကျော် ထုတ်လုပ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လတို့အား နှိုင်းယှဉ်ကြည့်ပါက မီလီယံ လေးသောင်းကျော် ကျဆင်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လကို နှိုင်းယှဉ်ကြည့် ခြင်းအားဖြင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် အနည်းငယ်မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ လွန်ခဲ့သော (၁၀) နှစ်မှစ၍ ဆေးလိပ်ထုတ်လုပ်မှုနှုန်းသည် မြင့်တက်လာခဲ့ပါသည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည်လွှတ်တော်ကိုယ်စားလှယ်များအားၤင်းတို့၏ လွှတ်တော်ဆိုင်ရာတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟုသတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ်မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည်စာတမ်းတိုများတွင်ပါဝင်သောအကြောင်းအရာများနှင့်ပတ်သက်လျှင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅


Research Dept; Email - pyithuhluttawresearch@gmail.com